# ဟုတ်

မြောက်ကိုရီးယားစစ်တပ်မှာ လေ့ကျင့်မှုတွေ၊ ပုံသွင်းမှုတွေ၊ စည်းကမ်းတင်းကျပ်မှုတွေ၊ ဖိနှိပ်မှုတွေ ဘယ်လောက်တောင် များသလဲဆိုရင် လက်အောက်ငယ်သားတွေဟာ အထက်အရာရှိက ဘာပြောပြော ဘာဆိုဆို 'ဟုတ်' (Yes Sir) တစ်ခွန်းပဲ ပြန်ပြောတတ်တော့တယ်။ တစ်ရက်တော့ သင်တန်းသား နှစ်ယောက်ဟာ စာသင်ခန်းဝင်ဖို့ နောက်ကျနေသတဲ့။

ဒါနဲ့ စာသင်ခန်းဆီကို အမြန်ဆုံးရောက်ဖို့ ဖြတ်လမ်းလိုက်တဲ့အနေနဲ့ မြက်ခင်းပေါ်ကနေ ဖြတ်ပြေးသွားမိတယ်။ ပိုနိုးတာကိုး။ ဒါကို သင်တန်းဆရာတစ်ယောက်က လှမ်းမြင်လိုက်တော့ သူတို့ကို လှမ်းခေါ်လိုက်တယ်။



"ဟို နှစ်ကောင် လာစမ်း"

"ဟုတ်"

"မင်းတို့ ဒီမြက်ခင်းကို မနင်းရဘူးဆိုတာ သိတယ်မလား"

"ဟုတ်"

"ပြီးတော့ ဒီနားမှာ ငါရပ်နေတာရော မြင်တယ်မဟုတ်လား"

"ဟုတ်"

"မနင်းရဘူးဆိုတဲ့ မြက်ခင်းပေါ်ကို ငါဒီနားမှာ ရပ်နေတာ သိသိကြီးနဲ့ နင်းတယ်ဆိုတော့ ဘာလဲ မင်းတို့က ငါ့ကို -ထင်တယ်ဆိုတဲ့ သဘောလား"

"ဟုတ်"